## အနှစ်ချုပ်

ဆင်ဖြူသျှင်မင်းတရားကြီးဘုရားအရေးတော်ပုံ သမိုင်းတော် (မင်းခမ်း စာတန်းတော်ကြီး) ကျမ်း သည် ကုန်းဘောင်ခေတ်ဦး ဗဒုံမင်းလက်ထက် အစောပိုင်းကာလ (၁၇၈၂-၁၇၈၆) တွင် မင်း၏နိုင်ငံပြုရေးလှုပ်ရှား ရုန်းကန်ရမှုများ၊ မင်းခမ်းမင်းနားကျင်းပမှုများကို အသေးစိတ်မှတ်တမ်း တင်ထားသောကျမ်း ဖြစ်ပါသည်။ မြန်မာမင်းများလက်ထက် သမိုင်း ရေးသားမှုပုံစံတစ်မျိုးဖြစ်သည့် အရေးတော်ပုံကျမ်းပုံစံမျိုး ရေးသား ထားသည်။ အုပ်ချုပ်သူမင်းအနေဖြင့် ပုန်ကန်မှုနှိမ်နင်းရခြင်း၊ စစ်ဆင် ရေးဆင်နွှဲရခြင်းဆိုသည့်ပြင်းထန်သောလှုပ်ရှားမှုများ နှင့် သာသနာ တော်စောင့်ရှောက်ရခြင်း၊ မင်းခမ်းမင်းနားဆင်ယင်ကျင်းပရခြင်းဆိုသည့် သိမ်မွေ့သောလှုပ်ရှားမှုများကို အောင်မြင်စေရပါသည်။ ယင်းလှုပ်ရှားမှု များကိုပင် မင်းကိုဗဟိုပြုသည့်အရေး (သို့မဟုတ်) အရေးတော်ပုံဟူ၍ ဆိုကြပေသည်။

တည်းဖြတ်ရခြင်း၏ရည်ရွယ်ချက်များမှာ ကုန်းဘောင်ခေတ်ဦး စာပေနယ်ပယ်တွင် လက်ဝဲနော်ရထာ ဦးနေကို ခေတ်ပြိုင်စာဆိုတစ်ဦး အသွင်ဖြင့် ထင်ရှားပေါ်လွင်လာစေရန်၊ ဆင်ဖြူသျှင်မင်းတရားကြီး ဘုရားအရေးတော်ပုံ သမိုင်းတော်ကျမ်း ကို သတိထားမိကြပြီး ဗဒုံမင်း လက်ထက် သမိုင်းဖြစ်စဉ်လေ့လာရာတွင် အားကိုးရသောအရေးတော်ပုံ ကျမ်းတစ်ကျမ်းအဖြစ် လက်ခံလာကြစေရန်၊ တို့ဖြစ်ပါသည်။ သမိုင်း ဖြစ်စဉ်အနေဖြင့် မရှင်းလင်းသည်များ၊ ကွဲလွဲနေသည်များ၊ ချဲ့ထွင်သင့် သည်များ၊ နှိုင်းယှဉ်ပြသင့်သည်များကို အောက်ခြေမှတ်စု၊ နောက်ဆက် တွဲတို့ဖြင့် ရှင်းလင်း ပြင်ဆင် ချဲ့ထွင် နှိုင်းယှဉ်ပြပါသည်။ ယင်းကဲ့သို့ ပြုလုပ်ရာတွင် ခေတ်ပြိုင်ကမ္ပည်းစာ၊ အမိန့်တော်စာ၊ မှတ်တမ်းစာ နှင့် လက်ရာစာ စသည်တို့ကို တတ်စွမ်းသမျှ အထောက်အထားပြု၍ တင်ပြ ပါသည်။ ယခုကျမ်းပါ အချို့သောဖြစ်စဉ်နှင့်အကြောင်းအရာတို့သည် လက်ရှိလေ့လာပြီးသားကျမ်းများ၌ ပါဝင်မှုမရှိသေးသော ဖြစ်စဉ်နှင့် အကြောင်းအရာမျိုး ဖြစ်နေကြကြောင်း တွေ့ရသည်။ မျက်မြင် သက်သေခေတ်ပြိုင်စာဆိုတစ်ဦးက ရေးသားပြုစုခြင်းကြောင့် ယင်းကျမ်း သည် ခေတ် နှင့် လှုပ်ရှားမှုမြင်ကွင်းကို ပို၍ပုံပေါ်စေ၏။ အထူးသဖြင့် မုဒ္ဒာဘိသေကအခမ်းအနားကဲ့သို့သော ရာဇာဘိသေကမင်းခမ်းမင်းနား ကျင်းပရေး လုပ်ထုံးလုပ်နည်း နှင့် လုပ်ငန်းအဆင့်ဆင့်တို့အတွက် လက်စွဲကျမ်းတစ်ကျမ်းအဖြစ် အသုံးပြုနိုင်ပါသည်။

လက်ဝဲနော်ရထာ (မဟာသီဟသူရ) ဦးနေ (၁၇၂၃-၁၇၉၁) ကို အုပ်ချုပ်ရေးစီမံမှု နှင့် စာပေရေးသားဖွဲ့ဆိုမှုတို့တွင် အရည်အသွေး မြင့်မားလှသည့် အတွင်းဝန် စာဆိုတစ်ဦးဖြစ်သည်ဟူ၍လည်းကောင်း၊ ဆင်ဖြူသျှင်မင်းတရားကြီးဘုရားအရေးတော်ပုံ သမိုင်းတော်ကျမ်း ကို သမိုင်းရေးသားမှုနယ်ပယ်တွင် အဆင့်အတန်းမီသည့် အရေးတော်ပုံ ကျမ်းတစ်ကျမ်းဖြစ်သည်ဟူ၍လည်းကောင်း၊ သတ်မှတ်နိုင်ပါသည်။